www.burmeseclassic.com

# ဖတ်စ်ကလပ်

သာခု

"ဖေဖေလာပါပြီ… ဟော့… ဖေဖေလာပါပြီ"

နေလုံး မပျောက်တပျောက် ဆောင်းကုန်လုလုသမယ ညနေ ၅ နာရီလောက်အချိန် လူပိန်ပိန်၊ အရပ်မြင့်မြင့်၊ အသက်အရွယ်ကိုချင့်သော် သုံးဆယ်ကျော် သုံးဆယ့်ငါးနှစ်ခန့်သာ ရှိဦးမည်ထင်ရသော လူရွယ်တစ်ယောက်သည် နေလျက်ထားသဖြင့် အရောင်ကွက်မွဲခြောက်နေသည့် ကုတ်အင်္ကျီကို ပခုံးတွင် နောက်ပြန်ချိတ်၍ အခြားလက်တစ်ဖက်တွင်မူ သုံးဆင့်ချိုင့်ပင်ဖြစ်သော်လည်း နှစ်ဆင့်သာ ရှိတော့သည့် ထမင်းချိုင့် ခပ်နွမ်းနွမ်းတစ်ခုကိုကိုင်လျက် သွက်လက်သော ခြေလှမ်းများဖြင့် ၈၉ လမ်းထဲသို့ ခပ်သုတ်သုတ် လျှောက်ဝင်လာခဲ့လေ၏။

တံခါးနှင့် ပြတင်းပေါက်များတွင် အစိမ်းရင့်ရောင် အခန်းဆီးကလေးများ တလူလူလွင့်ကာ ဝင့်ဝင့်ကြွားကြွားနှင့် သားသားနားနား ပန်ရလှသော ကြက်ဥနှစ်ရောင်နှစ်ထပ်တိုက်ကလေးရှေ့သို့ရောက်သည်တွင် ထိုလူရွယ်၏ ခြေလှမ်းမှာ ပို၍သွက်လာပြီး ထိုတိုက်လွန်မိသည်နှင့် ရုတ်တရက် ကိုယ်ရှိန်သတ်၍ ရပ်လိုက်ကာ ထိုကြက်ဥနှစ်ရောင်နှစ်ထပ်တိုက်ကလေးနှင့် ပေအစိတ်ခန့်အကွာရှိ လွန်ခဲ့သော ၃ လခန့်က ဆောက်လုပ်ပြီးစီးခဲ့သည့် အသစ်စက်စက် သုံးထပ်တိုက်ကြီးကို လှမ်းမျှော်မော်ကြည့်နေလေ၏။

ထိုလူရွယ် ရပ်နေသော နေရာသည်ကားဆိုလျှင် ထိုမည်သော ခံ့ညားထည်ဝါလှသည့် တိုက်နှစ်လုံးအကြား ပေအစိတ်ခန့်ရှိ မြေကွက်လပ်တွင် ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသော တဲငယ်ကလေးရှေ့တွင်ဖြစ်ရာ ထိုလူရွယ် ထိုတဲရှေ့တွင်ရပ်၍ အဆိုပါ သုံးထပ်တိုက်ဆီသို့ လှမ်းမျှော်ကြည့်နေသည်မှာ ၃ မိနစ်မပြည့်သေးမီပင်–

"ဖေဖေလာပါပြီ ဟော့… ဖေဖေလာပါပြီ"

သို့အော်ရင်း တဲကလေးအတွင်းမှ ပြေးထွက်လာသော ၄ နှစ်သမီးခန့်ရှိ ကလေးတစ်ယောက်သည် ထိုလူရွယ်၏ ခြေသလုံးများကို ကျုံးဖက်လိုက်ပြီး ခါးကလေးကော့၍ မော့ကြည့်နေသောကြောင့် လူရွယ်လည်း သုံးထပ်တိုက်ဆီသို့ မော်ငေးကြည့်နေရာမှ ကလေးငယ်အား ငုံ့ကြည့်တဲ့ကာ ချက်ချင်းပင် ကုတ်အင်္ကျီကို ချိုင်းတွင်ညှပ်လိုက်ပြီး ခပ်မော့မော့ကြည့်နေသော ကလေးငယ်၏ ဦးခေါင်းကလေးကို အသာအယာ ပွတ်သပ်ပေးရင်း–

"သမီး… မေမေကော"

လူရွယ်လည်း သို့လျှင်မေးလိုက်ရာမှ တစ်ဆက်တည်း တဲဆီသို့ လှမ်းကြည့်လိုက်သည်တွင် အသားဖြူဖြူ ကိုယ်လုံးကိုယ်ထည်တုတ်တုတ်၊ ရုပ်ရည်အားဖြင့် သနားကမား အမူအရာရှိသော အသက် ၂၀ သာသာခန့် မိန်းမတစ်ယောက် ထွက်လာသည်ကို မြင်ရလေ၏။

"ဒီနေ့ တယ်စောပါလား ကိုကျင်မောင်"

ထိုမိန်းမငယ်သည် လူရွယ်အနီးသို့ရောက်သည်နှင့် လူရွယ့်လက်ထဲမှ ထမင်းချိုင့်နှင့် ကုတ်အင်္ကျီကို လှမ်းယူရင်း ဤသို့ပြောလိုက်သည်ကို…

"အေး… တမင်ပဲ စောစောပြန်လာတာပေါ့ မခင်မေ၊ ဒီနေ့ည ဘိုင်စကုတ်သွားကြည့်မလားလို့"

"အမာလည်း လိုက်မယ်နော် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရမှာပေါ့ကွဲ့။ ဖေဖေတို့သွားရင် ငါ့သမီးကိုလည်း ခေါ်မှာပေါ့"

ကိုကျင်မောင်သည် ပြောပြောဆိုဆို အမာကလေးအား ပွေ့ချီပြီး တဲကလေးသို့ လှမ်းဝင်သွားသောကြောင့် မခင်မေလည်း ကိုကျင်မောင့်နောက်မှ လှမ်းဝင်လိုက်သွားလေ၏။

ဆောက်လုပ်ထားသော တဲ၏အကျယ်အဝန်းမှာ ပေအစိတ်မျှ ရှိသည်မှန်သော်လည်း ကိုကျင်မောင်တို့နေရသည်မှာ တစ်တဲလုံးမဟုတ်ဘဲ ပေအဝက်မျှသာရှိသော အခန်းကျဉ်းကလေးကို တစ်လလျှင် ၂ဝိ ပေး၍ ငှားနေရပြီး ကျန်တစ်ဝက်မှာမူ တဲရှင်များ နေထိုင်ကြ၏။

ကိုကျင်မောင်တို့ ဇနီးမောင်နှံ တဲအတွင်းသို့ ရောက်၍ နေသားတကျ ထိုင်မိကြသည်နှင့်

"နေပါဦး ကိုကျင်မောင် ခုနတုန်းက ဒေါ်ဒေါ်သောင်းတို့တိုက်ပေါ်ကို မော့ကြည့်နေတာက ဘာဖြစ်လို့လဲ၊ ရှင့်ကို သူတို့ ခေါ်ပြန်ပလား"

ကိုကျင်မောင်သည် ရုတ်တရက် အဖြေမပေးသေးဘဲ မီးအလိုက်မညီသဖြင့် တစ်ခြမ်းတည်း လောင်နေသော ဆေးပေါ့လိပ်ကို တံတွေးဆွတ်၍ညှိနေပြီးမှ–

"ထုံးစံအတိုင်းပေါ့ကွာ၊ ဒီအဘွားကြီးကတော့ ဘယ်တော့မှ ဒီအကျင့်ပျောက်မှာမဟုတ်ဘူး၊ လူကို မမြင်လိုက်နဲ့ မြင်လိုက်တာနဲ့ ခေါ်ခိုင်းတာပဲ။ မနေ့ကလည်း ငါ့ကိုအပေါ် ခေါ်ပြီး..."

"ရှင့်ကို ကျွန်မမေးတော့ ဘာမှမခိုင်းပါဘူးဆို"

အားပါးတရရှိုက်ဖွာလိုက်သောကြောင့် ဆေးပေါ့လိပ်မှ ပြာနှင့် မီးပွားများသည် လုံချည်ပေါ်သို့ ကြွေကျလာသဖြင့် ကိုကျင်မောင်လည်း ကမန်းကတန်း ခါပစ်ရင်း–

"အေး... မင်းစိတ်မကောင်းမှာစိုးလို့ပေါ့ကွာ၊ အမှန်ကတော့ မနေ့က ဒေါ်ဒေါ်သောင်း ငါ့ကို ခေါ်တာ တခြားမဟုတ်ဘူး၊ သူတို့အိမ်ရှေ့ဝရန်တာက ပန်းအိုးတွေ တိုက်ကတုံးပေါ်ကို တင်ခိုင်းဖို့ပဲ။ စုစုပေါင်း ပန်းအိုး ၇ လုံး၊ တစ်လုံးတစ်လုံးကလည်း တော်တော်လေးတယ်ကွဲ့။ အဲဒါ အကုန်လည်းရွှေ့ပြီးရော 'မင်းလက်ဖက်ရည်ဝယ်သောက်'ဆိုပြီး ပိုက်ဆံ သုံးပဲထုတ်ပေးတယ်ကွ၊ အဲဒီတုန်းကများ ငါဖြင့် အသားကို ဆတ်ဆတ်တုန်နေတာပဲ ဒေါသဖြစ်လွန်းလို့"

ထိုစကားကြားလိုက်ရသည်နှင့် မခင်မေမှာ မျက်နှာကလေးအိုလျက် အလိုလည်းမကျ၊ ဒေါသဖြစ်သွားတော့ကာ–

"အဲဒီတော့ ရှင်က ဘာမှပြန်မပြောဘူးလား"

"ဘယ်ပြောလို့ဖြစ်မှာလဲ ခင်မေရာ၊ ခု တို့နေရတာက သူတို့မြေပေါ်မှာ မဟုတ်လား။ တို့တဲရှင်ကလည်း သူတို့အာဏာကို ဖီဆန်ဝံ့တာမဟုတ်လေတော့ သူတို့သဘောမကျတဲ့အချိန်မှာ တို့ကိုမောင်းထုတ်လိုက်မှာပဲ။ ဒါကြောင့် ငါလည်း ရှေ့ရေးကိုတွေးပြီး အောင့်သက်သက်နဲ့ပဲ သူပေးတဲ့ပိုက်ဆံ သုံးပဲကို မယူချင့်ယူချင် ယူခဲ့ရတာပေါ့ကွာ"

ကိုကျင်မောင်သည် သို့ပြောရင်း အမာကလေး၏ နှာခေါင်းတစ်ဖက်မှ ယိုကျနေသော နှပ်များကို သုတ်ပေးနေလေ၏။

"ခုခေတ်ကြီးမှာ လက်ဖက်ရည် ဘယ်ဆိုင်သောက်သောက် တစ်ခွက်တစ်မတ်ပေးရတယ်ဆိုတာ သူတို့မသိဘူးလား၊ ဒါနဲ့တောင် လက်ဖက်ရည်ဖိုးဆိုပြီး သုံးပဲတည်း ပေးသတဲ့"

"အေး အဲဒါ မင်းရှော်တာပဲ၊ မင်းကသာမသိတယ် မခင်မေ၊ သူကတော့ သိလိုက်သမှ နောနေတာပဲ။ ဒါကြောင့်လဲ ချမ်းသာတာ ထင်ပါ့။ ငါ့ကိုပိုက်ဆံသုံးပဲထုတ်ပေးရင်း ပြောလိုက်သေးတယ်လေ(ဟဲ့ မောင်ကျင်မောင် ထိပ်ဝက ညောင်မုတ်ဆိတ်ပင်နဲ့ တည့်တည့် ကာကာ လက်ဖက်ရည်ဆိုင်မှာသောက်နော်၊ အဲဒီဆိုင်က သုံးပဲရတယ်၊ တခြားဆိုင်တွေ တစ်မတ်ချည့်ပေးရတယ်၊ မသောက်နဲ့၊ တစ်ခွက်ကို တစ်ပဲတစ်ပဲနာတယ်)တဲ့။ ကဲ ငါတောင် ဒေါ်ဒေါ်သောင်းပြောလိုက်မှပဲ သုံးပဲနဲ့ရတဲ့ လက်ဖက်ရည်ဆိုင်ရှိကြောင်း သိရတော့တယ်"

ဤတွင်မှ မခင်မေလည်း ခေါင်းတဆတ်ဆတ် ညိတ်တဲ့ကာ–

"အင်း... ဟုတ်မှာပဲ။ သူတို့တစ်တွေ ပိုက်ဆံချမ်းသာသလောက် ကပ်စေးနဲပြီး စေ့စပ်လွန်းလို့ ခေါင်းရွက်ဈေးသည်တွေတောင် သူတို့အိမ်ကခေါ်ရင် မကြားချင်ယောင် ဆောင်ဆောင်ပြီး ထွက်သွားကြတာပဲ။ တစ်နေ့ကတောင် ဟင်းရွက်သည်အဘွားကြီးနဲ့ ဒေါ်ဒေါ်သောင်းနဲ့ စကားများလာကြသေးသတဲ့။ ချဉ်ပေါင်ရွက်တစ်မူးဖိုးဝယ်

www.burmeseclassic.com



ပြီး ခရမ်းချဉ်သီးအဆစ်တောင်းလို့ မပေးနိုင်ဘူးပြောတာ မရတဲ့အဆုံး ငရုတ်သီးစိမ်းသုံးတောင့် အတင်းယူထားလိုက်သတဲ့"

"ကွာ... ဒါတွေပြောမနေပါနဲ့တော့။ မနေ့က ငါ့ကို မှာလိုက်သေးတယ်။ နက်ဖြန်ညနေ အားရင်လာပါဦးတဲ့။ ငါမသွားတော့ဘူး။ နောက်တွေ့လို့ မေးမှပဲ ကြည့်ပြောလိုက်တော့မယ်။ ကဲ... ဒီည ၉ နာရီပွဲ ဘိုင်စကုတ်သွားကြရအောင်ကွာနော်"

မိန်းမတို့မည်သည်မှာ ပွဲလမ်းသဘင်ဆိုလျှင် ဘဝင်တမြူးမြူးနှင့် အထူးတမက်မက် ရှိတတ်ကြပါလျက် မခင်မေကား အဘယ့်ကြောင့်ဟူ၍မသိ 'ဘိုင်စကုတ်' ဟူသော စကားကိုကြားလိုက်ရသည်တိုင်အောင် တစ်စုံတစ်ရာ လှုပ်လှုပ်ရှရှနှင့် ဝမ်းသာအယ်လဲ မဖြစ်လာသည့်ပြင်...

"နေစမ်းပါဦး ကိုကျင်မောင် ရှင်တစ်နေ့တစ်နေ့ ကားမောင်းလို့ရတဲ့ ငွေနဲ့ပဲ မစားလောက်နိုင်အောင် ကျပ်တည်းနေတာကို သိရက်သားနဲ့ အပိုသုံးစကား ပြောနေတာများ အံ့ပါရဲ့ရှင်။ နည်းနည်းပါးပါး ငွေပိုငွေလျှံကလေးရလာရင် သုံးဖို့ဖြုန်းဖို့လောက် စိတ်ကူးနေတော့တာကိုး"

ရှေ့နောက်ဆင်ခြင်၍ အမြော်အမြင်ကြီးလှသော ဇနီးသည် မခင်မေ၏စကားကို သဘောကျသွား၍လားမသိ ကိုကျင်မောင်မှာ ဆေးပေါ့လိပ်မီးခိုးများဖြင့်လုံးကာ ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်ပြီးမှ-

"ဒီနေ့ ငါအတော်ကလေး ဟန်ကျလာတယ်ဟေ့ မခင်မေရဲ့။ ကားမောင်းတာလည်း ဝင်ငွေ ၁၀ဝ ကျော်လို့ ငါ့အတွက် ၁၄ ကျပ်တောင်ရတယ်။ ပြီးတော့ လွန်ခဲ့တဲ့ ၆ လလောက်က ငါ့သူငယ်ချင်း ဒါရိုင်ဘာတစ်ယောက် အဖမ်းခံရလို့ ကားရှင်ဆီက ချေးပေးလိုက်တဲ့ ငွေတစ်ဆယ်လည်း မမျှော်လင့်ဘဲနဲ့ ပြန်ရလို့ ဒီနေ့ ငွေ ၂၀ ကျော် ပွလာခဲ့တယ်လေ။ ဒါကြောင့်မို့ ၅ ကျပ်လောက်တော့ ကုန်ချင်ကုန်ပစေဆိုပြီး ပြောတာပေါ့ကွ။ ကဲ ဘယ့်နှယ်လဲ ည ၉ နာရီပွဲ သွားရအောင်...နော်"

ယင်းသည့်အချိန်တိုင်အောင် မခင်မေကား သဘောတူလက်ခံမည့် လက္ခဏာမျိုး ပေါ်မလာသေးဘဲ ကိုကျင်မောင့်ကိုပင်လျှင် မျက်စောင်းတခဲခဲဖြင့် မဲ့ကာရွဲ့ကာ ကြည့်နေလေ၏။

"ဘယ်မလဲ အဲဒီငွေ ၂၄ ကျပ်ပေး"

မခင်မေသည် ပြောပြောဆိုဆိုပင် ကိုကျင်မောင့်ရုပ်အင်္ကျီအိတ်ကို လှမ်းနှိုက်ပြီး လက်ထဲတွင် ပါလာသမျှသော ၅ ကျပ်တန်၊ ၁၀ တန်နှင့် တစ်ကျပ်တန်အပြင် အကြွေများကိုပါ ဖျာပေါ်သို့ချ၍ ရေတွက်နေရာမှ...

"ရုပ်တယ် ဘာစကုတ်မှ မကြည့်ဘူး၊ အလကားအလုပ်ပိုတွေ၊ ပြုံးစိစိလုပ်မနေနဲ့ တကယ်ပြောနေတာသိလား၊ ဘာလဲ တစ်ဆိတ်ရှိ ဘိုင်စကုတ်၊ ပြဇာတ်။ ကိုယ့်အင်ကိုယ့်အားကိုတော့ ကိုယ်မစဉ်းစားဘူး၊ ရှင်သုံးလေးရက် နေထိုင်မကောင်းဖြစ်နေတော့ ဘယ်ကပိုက်ဆံနဲ့ စားမလဲ၊ ကျွန်မကလည်း အရင်လို စက်သွားချုပ်နိုင်တာ မဟုတ် တော့ဘူး"

မခင်မေတို့ ရောက်နေရသော အဆင့်အတန်းနှင့် မခင်မေပါးစပ်မှ ထွက်လာသော စကားများမှာ မယုံကြည်နိုင်လောက်အောင်ပင် တစ်နည်းအားဖြင့် အထက်တန်းစားအခေါ်ခံ အိမ်ရှင်မများထက်ပင် အဆင့်အတန်းမြင့်နေတော့လျက် တစ်ဖက်မှ ပြုံးစိစိနှင့် နားထောင်နေသူ ကိုကျင်မောင်အား ကြည့်ရမှာလည်း မယားအလိမ္မာကလေး၏ စကားသည် ရာခိုင်နှုန်းပြည့် မှန်ကန်၍ နည်းလမ်းကျနေသောကြောင့် တစ်စုံတစ်ရာ စောဒကမတက်ဝံ့သလို အမူအရာမျိုး ဖြစ်နေလေရာ နားလည်မှုမရှိကြသော (ရွှေပုံပေါ်စံနေရသည့်အိမ်ထောင်)ထက် အတိုင်အဖောက်ညီလှသော (တဲအိုပျက်မှ သူတို့အိမ်ထောင်)ကပင် အဆပေါင်းများစွာ သာယာနေတော့လေ၏။

"ပြီးတော့ ဒီမှာ...ဒီမှာ နောက်နှစ်လဆိုရင် လာတော့မယ်။ နောက်ထပ်တစ်ယောက် ကုန်ဦးမယ်။ မီးနေစရိတ်၊ ဝမ်းဆွဲခ ဒါတွေကို ရှင်ဘာမှ ထည့်မစဉ်းစားဘူး"

မခင်မေသည် ခါးကလေးကော့၍ လက်ညှိုးငေါက်ငေါက်ထိုးပြရင်း ပြောလိုက်သောကြောင့် ကိုကျင်မောင်မှာ မခင်မေပြောပုံဆိုပုံနှင့် မျက်နှာပေးအမူအရာကိုပါ သဘောကျသွား၍လားမသိ ပြုံးပြုံးကြီးစိုက်ကြည့်နေရာမှ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်လေ၏။

"ကဲ... တော်တော့ မခင်မေ၊ ငါက သိပ်ကြည့်ချင်လွန်းလို့ ပြောနေတာ မဟုတ်ဘူး၊ မင်းပဲ ကြည့်ချင်ကြည့်ပါစေတော့လို့"

"ရှင့်စေတနာကို ကျွန်မသိတယ်လေ၊ ကျွန်မလည်း မိန်းမပဲ၊ မိန်းမဆိုတာ ပွဲလမ်းသဘင်ဆိုရင် ရှေ့ဆုံးက

www.burmeseclassic.com

www.burmeseclassic.com



သွားချင်သပေါ့။ ဒါပေမဲ့လည်း ရှေ့ရေးနောက်ရေး တွေးရသေးတယ်။ ဝင်ငွေနဲ့ထွက်ငွေမျှဖို့၊ နာမကျန်းဖြစ်တဲ့အခါ သုံးဖို့၊ မတ်တတ်စာ၊ တုံးလုံးစာ၊ ဒါတွေ ဒါတွေအတွက် စိတ်ချလို့ ပိုပိုလျှံလျှံရှိရင်တော့ ဘာဖြစ်သလဲ၊ ကြည့်မယ်လေ။ ဘိုင်စကုတ်ကအပြန် ပလာတာဝင်စားဦး ဘာအရေးလဲ၊ ခုတော့ ရှင်တစ်နေ့တစ်နေ့ ရတဲ့ငွေနဲ့ ကုန်တာနဲ့ဟာ ပွတ်ခါသီခါကလေး ရှိနေရတဲ့အထဲ (ဒီနေ့ ငါ့ကိုပုလိပ်ဖမ်းတယ်ဟော့၊ ဘတ်စ်ကားချင်းကျော်တက်လို့) အဲသလိုများ ကြားလိုက်ရင် ကျွန်မဖြင့် ခေါင်းကိုကြီးသွားတာပဲ၊ အင်း ဒဏ်ငွေ ၁ဝ လား၊ ၁၅ လားဆိုပြီး"

"ဒါတွေကြောင့် မင့်ကို ငါချစ်တာ"

ကိုကျင်မောင်သည် ပြောပြောဆိုဆိုပင် လက်တစ်ဖက်လှုပ်ရှားသွားကာ ဘာဘယ်လိုပြုမူလိုက်သည်မသိ မခင်မေလည်း ကိုယ်ကလေးနောက်သို့ ယိုင်သွားရာမှ လက်နှစ်ဖက်ကို ရင်ညွန့်ပေါ်တွင် ကြက်ခြေခတ်ယှက်လိုက်ရာမှ–

"အို... ကလေးရှေ့မှာ ဒီလိုမလုပ်ပါနဲ့လို့ဆို"

* * *

မိုးသားတိမ်တိုက်ကင်းကင်းနှင့် ဖွေးဖွေးဖြူဖြူ လင်းနေသော လရောင်အောက်ဝယ် ကိုကျင်မောင်နှင့် မခင်မေတို့သည် တဲရှေ့မှောက်ထားသော ရေတိုင်ကီပျက်တစ်ခုပေါ်တွင် အေးအေးလူလူထိုင်ရင်း ထိုထိုဤဤ အလီလီသော စကားများကို ပြောဆိုကြည်နူးနေကြ၏။

"သြော်... ဒါနဲ့ ကိုကျင်မောင် ဟိုတလောက ကျွန်မတို့ပေါင်ထားတဲ့ လုံချည်ဟာလေ သန်ဘက်ခါဆိုရင် ဆုံးတော့မှာမို့ ကျွန်မစုထားတဲ့ ပိုက်ဆံကလေးနဲ့ သွားရွေးလိုက်တယ်"

ကိုကျင်မောင်မှာ စစ်မဖြစ်မီခေတ်က မြူနီစီပါယ် အမှိုက်လော်ရီမောင်းခြင်းဖြင့် အသက်မွေးခဲ့သူဖြစ်သော်လည်း စစ်ပြီးခေတ်တွင် ရန်ကုန်အရောက် အတော်ကလေးနောက်ကျခဲ့သည်ဖြစ်သောကြောင့် မြူနီစီပါယ်တွင် အလုပ်မရတော့ဘဲ ဘတ်စ်ကား မောင်းနေရတော့၏။

အမှန်အားဖြင့်ဆိုလျှင် ကိုကျင်မောင်သည် ခရီးသည်တင် ဘတ်စ်ကားကိုမမောင်းလိုပေ၊ အလွန့်အလွန်လည်း ပင်ပန်းလှသည်။ တစ်လတစ်လ စာရင်းတွက်ကြည့်လျှင် ရသောငွေ လေးပုံတစ်ပုံခန့်မှာ ပုလိပ်အဖမ်းခံရသည်နှင့်ပင် ကုန်နေတော့၏။ အခြားသော ကိုယ်ပိုင်ကားမောင်းရန်အလုပ်ကလည်း ရှာ၍ ရတာရက်မရနိုင်သည်နှင့် ဘတ်စ်ကားကိုသာ စိတ်မပါဘဲ မောင်းနေရရှာ၏။ ကိုကျင်မောင့်ဝင်ငွေမှာ အမှန်မရှိ။ တစ်နေ့လုံးမောင်း၍ရသော ဝင်ငွေအပေါ် ငွေ ၁ဝဝိ လျှင် ကော်မရှင် ၁၂ ပဲ ရ၏။ သို့သော် ၁ဝဝိ ပြည့်အောင် ရသည့်နေ့ဟူ၍ကား တစ်လလျှင် တစ်နေ့ပင်မရှိ။ ကံစွပ်သောနေ့တွင်မှ ၇ဝိ၊ ၈ဝိ အလွန်ဆုံး ရတော့၏။

နေ့စဉ် ပျမ်းမျှကြေးကား တစ်နေ့လျှင် ၅ဝိ ခန့်သာဖြစ်ရာ ကိုကျင့်မောင့်အတွက် ၁ဝိ လျှင် ၁ိ ၄ ပဲနှုန်းအတိုင်း တွက်သော် ၆ ကျပ် ၄ ပဲ ရ၏။ သို့သော် ထိုငွေကား နေ့စဉ်ရသော ပုံသေဝင်ငွေမဟုတ်သေး၊ ကားပျက်သော နေ့၊ ဘီးပေါက်သောနေ့များတွင် တစ်ခါတစ်ရံ နှစ်ကျပ်ခွဲလောက်နှင့် အိမ်ပြန်ရသောကြောင့် ကိုကျင်မောင်တို့မှာ ချောင်ချောင်လည်လည်ဟူ၍ပင် မရှိခဲ့ရှာပေ။

သို့သော် မခင်မေ၏ အမြော်အမြင်ရှိမှု၊ လိမ္မာမှုတို့ကြောင့် သူတို့ဇနီးမောင်နှံမှာ ထမင်းနပ်ကျော်စားရသည်အထိ တစ်ခါမျှ ကသီလင်တ မဖြစ်ခဲ့ရုံသာမက လွန်ခဲ့သော သုံးလလောက်က ကိုကျင်မောင်မမာ၍ ပေါင်ခဲ့ရသော လုံချည်ကိုပင် မခင်မေသည် ခြစ်ခြစ်ခြုတ်ခြုတ် စုထားခဲ့သော ငွေကလေးဖြင့် ရွေးနိုင်ခဲ့လေရာ အကယ်၍ ကိုကျင်မောင်သည် ဒရိုင်ဘာမဟုတ်ဘဲ ကုန်သည်တစ်ယောက်ဖြစ်ပါက မည်မျှလောက် ကောင်းလေမည်နည်း။

"ဒါနဲ့ ကိုကျင်မောင် သူများတွေပြောတဲ့အတိုင်း တစ်ကျပ် ၁ ပဲတိုး ဂိ ဆိုတော့ ၅ မူးပဲတင်း သုံးလတွက်ကြည့်စမ်း၊ အတိုးက တစ်ကျပ်နဲ့ ငါးပဲကျတယ်မဟုတ်လား။ ပေါင်တဲ့ငွေက ၇ ကျပ်၊ အတိုးက တစ်ကျပ်ငါးပဲ ပေါင်းလိုက်တော့ ရှစ်ကျပ်နဲ့ ငါးပဲ။ အဲဒါ တရုတ်က ရှစ်ကျပ်ခွဲပြောလို့ ကျွန်မက ဘယ်ဟုတ်ရမှာလဲ ရှစ်ကျပ်ငါးပဲပါလို့ ပြောတာက (မရဘူး...နားမလည်ဘဲနဲ့ သိပ်စကားများတယ် မရွေးချင်စွား)ဆိုပြီး တရုတ်က လက်မှတ်လွှင့်ပစ်တာနဲ့ သူတောင်းသလောက်ပဲ ပေးခဲ့ရတယ်။ အဲဒါ ဘယ်လိုလဲ ကိုကျင်မောင် ကျွန်မတော့ ရှင်းကိုမရှင်းဘူး"

"ငါလည်း ဘယ်ပြောတတ်မလဲကွာ၊ ငါတို့လို ကျောမွဲတွေကတော့ ဘယ်သူဘာလုပ်လုပ် ငုံ့ခံရတာပဲ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီလိုပေါ့၊ ပုလိပ်ဖမ်းခံရလို့ ရုံးရောက်တယ်ဆိုရင် ဒဏ်ငွေ ၁၀ ဆိုလည်း ပေးလိုက်ရတာပဲ၊ ၁၅ ကျပ်ဆိုလည်း ပေးလိုက်ရတာပဲ၊ ဘာမှထပ်မပြောဝံ့ဘူး။ ထပ်ပြောရင် လျှာရှည်တယ်ဆိုပြီး... ခက်ပါတယ်ကွာ ဥပဒေတွေဘာတွေလည်း တို့က နားမလည်"

ကိုကျင်မောင့်စကားမဆုံးမီပင် ၁၀ နှစ်သားအရွယ်ခန့် လူငယ်တစ်ယောက်ပေါက်လာပြီး "မေမေကြီးက ခဏတဲ့"ဟု မခင်မေအားပြော၍ လှည့်ထွက်သွားသည်တွင် မခင်မေလည်း ရုတ်တရက်ထိုင်ရာမှ ထလိုက်ကာ–

"ကဲ ကိုကျင်မောင်၊ ဒေါ်ဒေါ်တင့်တို့အိမ်က ခေါ်နေတယ်။ သွားလိုက်ဦးမယ်နော်၊ ဘာကိစ္စလဲမသိဘူး၊ ကလေးလည်း ကြည့်ထားဦးနော်"

မခင်မေလည်း ကိုကျင်မောင့်ဘေးတွင် အိပ်နေသော အမာကလေးအား တိုင်ကီအလယ်သို့ တိုးရွှေ့ရင်း ပြောပြောဆိုဆို လှမ်းထွက်သွားလေ၏။

မကြာမီပင် မခင်မေလည်း တဲတစ်ဖက်ရှိ နှစ်ထပ်တိုက်ပေါ်မှ ဆင်းလာကာ ကိုကျင်မောင့်အနီးသို့ ရောက်သည်နှင့်

"ပွဲတာပဲ ကိုကျင်မောင်၊ ဟောဒီမှာ ဘိုင်စကုတ်လက်မှတ် သုံးယောက်အတွက်တဲ့။ ဒေါ်ဒေါ်တင်က ပေးလိုက်တယ်"

မခင်မေသည် စာရွက်ခေါက်ကလေးကို ဖြန့်ပြရင်း ဝမ်းသာအားရပြောနေသောကြောင့်

"ဘာဇာတ်ထုပ်တဲ့လဲ မခင်မေ"

"ဂုဏ်ရေမတူတဲ့။ ခုန ရှင်ကြည့်ချင်တယ်ဆိုတဲ့ ဘိုင်စကုတ်ပေါ့။ ဒေါ်ဒေါ်တို့က ပြပြချင်း သွားကြည့်ကြတယ်။ ဒီလက်မှတ်က ခုမှရတော့ အပိုဖြစ်နေတာပေါ့။ နက်ဖြန်နောက်ဆုံးနေ့တဲ့။ အဲဒါ ဖတ်စစ်ကလပ်က ကြည့်ရမယ်လို့လည်း ပြောလိုက်တယ် ဇိမ်ပဲ"

"ကဲ ဒါဖြင့် ငါ့သမီးကိုနှိုး၊ အဝတ်အစားလဲ၊ ပေါင်ဒါလေးဘာလေးရိုက်ပေးလိုက်ကွာ၊ သွားကြရအောင်"

မခင်မေသည် တစ်စုံတစ်ရာ စကားပြန်မပြောသေးဘဲ ရုတ်တရက်တွေ၍ စဉ်းစားနေပြီးမှ...

"ဒီမှာ ကိုကျင်မောင် ခု လက်မှတ်က သုံးယောက်ကြည့်နိုင်တယ်ဆိုတော့ တစ်ယောက်လိုနေသေးတာပေါ့နော်"

"အိုကွာ တို့နှစ်ယောက်တည်းရှိတာ နှစ်ယောက်တည်းပဲ ကြည့်ကြတာပေါ့။ ကဲပါ မင်းအဝတ်အစားလေး ဘာလေး လဲချည်တော့"

"ခုမှ ၇ နာရီခွဲ၊ အစောကြီးရှိပါသေးတယ်။ သြော်ဒါနဲ့ တစ်ယောက်စာပိုနေသေးတော့ အလကားဖြစ်သွားမှာ၊ နမြောစရာ ကိုကျင်မောင်ရယ်။ အနှိပ်သည်ဒေါ်ချွေးမကြီးခေါ်သွားရရင် မကောင်းဘူးလား...ဟင်"

"အေးလေ... မင့်သဘောပဲ ခေါ်ချင်ခေါ်ပေါ့"

* * *

နာရီဝက်ကြာသောအခါ ပခုံးတစ်ဖက်တွင် ရိနေသော ပဒုမ္မာဒိုဘီချ ခေါက်ရိုးထိုးထိုးထောင်ထောင်နှင့် သနပ်ခါးဘဲကျားလိမ်းထားသော အနှိပ်သည် ဒေါ်ချွေးမ ရောက်လာသည်နှင့်–

"လာ ဒေါ်ချွေးမ၊ အို– ဒီပြင်လုံချည်မရှိတော့ဘူးလား၊ ခုကြည့်ရမှာက ဖတ်စစ်ကလပ်က ဒေါ်ချွေးမရဲ့၊ ဒီလုံချည်အကွက်မပေါ်တာကြီးနဲ့ မဖြစ်သေးပါဘူး၊ ကဲ– ကဲ ကျွန်မလုံချည်ပဲ ခဏယူဝတ် ရော့ရော့"

မခင်မေသည် ထဘီရင်ရှားနှင့် သနပ်ခါးလိမ်းနေရာမှ ဤသို့ပြောရင်း လုံချည်တစ်ထည် ထုတ်ပေးလိုက်လေ၏။

"ကဲ ကိုကျင်မောင်ကော လုပ်တော့လေ၊ လုံချည်မလဲတော့ဘူးလား"

"တော်ရောပေါ့ကွာ၊ ခါတိုင်းလည်း ဒီလိုသွားနေကျပဲဟာ"

"တယ်ခက်တာကိုး၊ ခုကြည့်ရမှာက ခါတိုင်းလို တစ်ကျပ်သုံးမူးတန်းမဟုတ်ဘူးရှင့်၊ ဖတ်စစ်ကလပ် သိရဲ့လား၊ ကဲပါ ဟိုပိုးလုံချည် ယူဝတ်တော်မူပါ"

အချိန်မှာ ၈ နာရီသာသာခန့် ရှိသေးသောကြောင့် ကိုကျင်မောင်တို့လည်း 'ဖြည်းဖြည်းပဲ လျှောက်သွားကြတာပေါ့'ဟူသည့် မခင်မေ၏ အစီအမံအတိုင်းပင် ၈၉ လမ်းမှထွက်၍ ဘီအေအေ ဘောလုံးကွင်းဘေးမှ လျှောက်လာကြကာ မီးရထားကုန်းကို ဖြတ်ဆင်းခဲ့ကြလေ၏။

ဗိုလ်ချုပ်လမ်းသို့ရောက်၍ တောင်ဘက်ပလက်ဖောင်းသို့ ဖြတ်ကူးကာ အရှေ့မှအနောက်သို့ တဖြည်းဖြည်းလျှောက်လာခဲ့ကြသည်၌ ကိုကျင်မောင်မှာ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လုံး ချီထားရသည်ပင် ဖြစ်သော်လည်း ယောကျ်ားတို့သဘာဝအတိုင်း ခပ်သွက်သွက်လှမ်းသွားသောကြောင့် ခြေလွတ်လက်လွတ်ဖြစ်သော မခင်မေတို့မှာ ဆယ့်လေးငါးပေခန့် နောက်တွင် ကျန်ခဲ့ကြလေ၏။

"ကိုကျင်မောင် နေဦးခဏ"

မိမိရှေ့ ဆယ်ပေခန့်ရောက်နေသော ကိုကျင်မောင်အား မခင်မေသည် ဤသို့လှမ်းပြောလိုက်သဖြင့် ကိုကျင်မောင်လည်း ရုတ်တရက်ရပ်လိုက်၏။ မခင်မေသည် ကိုကျင်မောင့်အနီးသို့ ရောက်သည်နှင့် ခြေဖျားဆီသို့ ငုံ့ကြည့်လိုက်ပြီးမှ...

"ဖိနပ်တစ်ရန်လောက်တော့ ဝယ်မှပဲထင်တယ် ကိုကျင်မောင်။ ကြည့်ရမှာက ဖတ်စစ်ကလပ်ဆိုတော့ ရှင့်ခုံဖိနပ်ကြီးနဲ့ မနိုပ်သေးပါဘူးရှင်၊ ကဲ လာ၊ အချိန်လည်း စောပါသေးတယ်၊ ညဈေးတန်းဘက်လျှောက်ပြီး လေယာဉ်ပျံဖိနပ်တစ်ရန်လောက်တော့ ဝယ်ကြဦးစို့"

ချက်ရေးပြုတ်ရေး၊ ဝတ်ရေးစားရေးပါမကျန် အစစအရာရာ စိတ်ချအားကိုးရသည်သာမက အပိုသုံးအပိုဖြုန်းဆိုလျှင် မီးခြစ်တစ်လုံးသော်မျှ အရမ်းဝယ်လေ့ဝယ်ထမရှိသော မယားလိမ္မာကလေးဖြစ်သည့်အတိုင်း ကိုကျင်မောင်သည် သို့ပြောလိုက်သော မခင်မေ၏ စကားကို တစ်စုံတစ်ရာ စောဒကမတက်တော့ဘဲ ညဈေးတန်းဘက်သို့ ခပ်သွက်သွက်လှမ်းခဲ့လေ၏။

နက်ပြာရောင်သဲကြိုးဖြင့် ရိုးရိုးကလေးယဉ်သော လေယာဉ်ပျံဖိနပ်တစ်ရန်သည်ကား ကိုကျင်မောင့်ခြေတွင် စွပ်ပြီးစီးပြီးသားဖြစ်နေလေပြီ။ မခင်မေလည်း ကိုကျင်မောင်၏ ဖြူသောခြေဖမိုးများဖြင့် ပန်းရနေသော လေယာဉ်ပျံဖိနပ်ကိုကြည့်ကာ အတော်ကလေးကြည်နူးနေ၏။ ထိုမည်သော လေးကျပ်တစ်မတ်တိတိပေးရသည့် လေယာဉ်ပျံဖိနပ်ကို ကိုကျင်မောင်စီးထားသည်မှာ ခြေတွင်ဖြစ်သော်လည်း မခင်မေ၏ မျက်လုံးထဲ၌မူ သူ့ငယ်ချစ်လင် ကိုကျင်မောင်၏ 'ရုပ်ရည်'မှာ ပို၍ချောလာလှလာသည်ဟု အထင်ရောက်မိရှာ၏။ ချက်ချင်းပင် မခင်မေသည် ငွေလေးကျပ်တစ်မတ်တိတိ ဆိုင်ရှင်ကို ထုတ်ပေးလိုက်၏။ ထိုအချိန်၌ ကိုကျင်မောင်သည် ဖိနပ်ဆိုင်ရှင် ဗမာမူစလင် ဝဝကြီးထံမှ စက္ကူတစ်ရွက်တောင်းကာ စီးလာသော ခုံဖိနပ်ကို ကျကျနန ထုပ်လျက်ရှိလေရာ–

"ဒါက ဘာလုပ်တာလဲ ကိုကျင်မောင်"

သေသေချာချာ ဆောင့်ကြောင့်ထိုင်၍ ခုံဖိနပ်နှစ်ဖက်ကို ဘယ်ပြန်ညာပြန်ထပ်ပြီး စက္ကူဖြင့် ကျကျနနထုပ်နေသော ကိုကျင်မောင်အား မခင်မေသည် သမင်လည်ပြန်ငုံ့ကြည့်ရင်း ဤသို့မေးလိုက်လေ၏။

ကိုကျင်မောင်သည် မော့ရုံသာမော့ကြည့်လျက် တစ်စုံတစ်ရာဘာမျှပြန်မဖြေသေးသောကြောင့်–

"ဘာလဲ ဘိုင်စကုတ်သွားမှာ ဒီဖိနပ်ကြီး တကိုင်ကိုင်နဲ့ ယူလာဦးမလို့လား၊ ဖတ်စစ်ကလပ်ထဲ ဒါကြီးကိုင်ဝင်လို့ တော်မတော်လည်း စဉ်းစားပါဦးရှင့်၊ ဒီ ခုံဖိနပ်ကြီးကို"

ပြောပြောဆိုဆိုပင် မခင်မေသည် ဆောင့်ကြောင့်ထိုင်နေသော ကိုကျင်မောင်၏ လက်မောင်းကို ဆွဲထူလိုက်လေ၏။

ကိုကျင်မောင်လည်း ချက်ချင်းထရပ်တဲ့ကာ မခင်မေ၏ ခြေဖျားဆီသို့ မသိမသာ မျက်လုံးရောက်သွားပြီး–

"ဟော့ မခင်မေ ငါ့ဖို့တော့ ဖိနပ်ဝယ်ပြီး မင်းကတော့ ဒီခုံဖိနပ်နဲ့ ပြီးရောလား၊ ဝယ်လေ၊ မင်းလည်း တစ်ရန်ဝယ်မှပေါ့ကွ၊ ဖတ်စစ်ကလပ်က ကြည့်ရမယ့်ဥစ္စာ"

ဤတွင်မှ မခင်မေသည် သတိရလာတော့၏။ သူ့ခြေဖျားကလေးကို ရုတ်တရက်ငုံ့ကြည့်လိုက်၏။ မော်တော်ကားတာယာအတွင်းသားကိုလွှာ၍ သဲကြိုးတပ်ထားသော အရောင်အဆင်းရော၊ ကျက်သရေပါ ကင်းမဲ့လှသည့် ခုံဖိနပ်ကလေးကို စိတ်ပျက်စွာ တွေ့ရလေ၏။ ကိုကျင်မောင်၏ ခုံဖိနပ်နှင့်စာလျှင် မခင်မေစီးထားသော ခုံဖိနပ်က ပို၍ဟောင်းနေ၏။ ဖနောင့်ပိုင်းမှာ ပွန်းနိမ့်နေရုံသာမကဘဲ လက်တစ်လုံးခန့်ပင် ပြတ်နေလေပြီ။

"ကဲ... သုံးကျပ်ခွဲပဲ ထားပါတော့ရှင်၊ နှစ်ရန်တောင်ယူတာပဲဥစ္စာ၊ တခြားဆိုင်လည်း မသွားချင်တော့ဘူး၊ ကဲ ရော့ တစ်ကျပ်ခွဲ ပြန်အမ်း"

"ဗတ်လပ်...ဗတ်လပ်"ဟု အော်ဟစ်ရောင်းလေ့ရှိသော ဆိုင်ရှင် ဝဝဖိုင့်ဖိုင့်ကြီးအား ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်လေ၏။

မခင်မေတို့လည်း ဖိနပ်ကိစ္စပြီးသည်နှင့် သမီးဆီသို့ မျက်လုံးရောက်သွားပြန်၏။ အမာကလေး ဝတ်ထားသော ဂါဝန်မကျ၊ ဗမာအင်္ကျီမကျ စကောစကအင်္ကျီကို မခင်မေ

www.burmeseclassic.com

www.burmeseclassic.com



သည် အားမလိုအားမရ ဖြစ်လာ၏။ ဖတ်စ်ကလပ်တွင် ကြည့်ရမည်ဖြစ်သောကြောင့် သပ်သပ်ရပ်ရပ်နှင့် သစ်သစ်လွင်လွင်အင်္ကျီကလေး ဝတ်ပေးသင့်သည်မဟုတ်ပါလော၊ သို့နှင့် မခင်မေသည် အနီးရှိအင်္ကျီဆိုင်မှ အသင့်ချုပ်ပြီး ခေတ်မီအင်္ကျီတစ်ထည်ကို လေးကျပ်ဖြင့်ဝယ်၍ အမာအား ဝတ်ပေးလိုက်၏။ ထို့နောက် ၃၂ လမ်းထဲမှဖြတ်၍ ရှိုင်ရယ်ရုံဆီသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့ကြကာ ရုံရှေ့သို့ ရောက်သည်နှင့် မခင်မေသည် ကိုကျင်မောင်အား တစ်စုံတစ်ရာ အကူအညီလိုသော မျက်နှာထားဖြင့် လှမ်းကြည့်လိုက်၏။

"အဲဒါမှ ခွပဲ ကိုကျင်မောင်၊ ဖတ်စစ်ကလပ်ကို ဘယ်အပေါက်က ဝင်ရမှန်းလည်း မသိဘူး"

မခင်မေသည် ကိုကျင်မောင့်အနီးသို့ကပ်၍ လေသံဖြင့် ခပ်တိုးတိုးပြောလိုက်သည်တွင်–

"လက်မှတ်ကော ဘယ်မလဲပေးစမ်း"

မခင်မေသည် ဘော်လီအိတ်ထဲမှ သတင်းစာစက္ကူစုတ်တစ်ခုဖြင့် ကျကျနန လျက်ဆားထုပ်သလို ထုပ်ထားသော ရုပ်ရှင်လက်မှတ်ကို ထုတ်ပေးရင်း–

"ဒါ ဘယ်လိုလုပ်မလို့လဲ ကိုကျင်မောင်"

"ဒီလက်မှတ်ပြပြီး ဘယ်အပေါက်ဝင်ရမလဲဆိုတာ မေးရမှာပေါ့ကွ"

ကိုကျင်မောင်သည် လက်မှတ်ကို ဆတ်ခနဲဆွဲယူရင်း ပြောလိုက်သဖြင့်–

"အို ရှက်စရာကြီး ကိုကျင်မောင်ရယ်၊ ကျွန်မတို့ကို ဖတ်စစ်ကလပ်က မကြည့်ဘူးတဲ့ဟာတွေလို့ ထင်နေ..."

"ကွာ... မင်းကလည်း ကြည့်မှမကြည့်ဘူးတာ ထင်ထင်ပေါ့ နို့မမေးဘဲကော သိမှာတဲ့လား"

ကိုကျင်မောင်လည်း ချာခနဲလှည့်ထွက်သွားကာ ရုပ်ရှင်ရုံအလယ်ပေါက် လက်ဝဲဘက်ထောင့်ရှိ လက်မှတ်ရုံကလေးရှေ့တွင် အသစ်စက်စက်ဖြစ်သော ကင်မရာကို ပခုံးတွင်လွယ်၍ ရပ်နေသူ ပိန်ပိန်ညှိုညှိုလူတစ်ယောက်အား လက်မှတ်ကိုပြကာ စုံစမ်းမေးမြန်းသည်တွင် ထိုလူသည် သူ့အသားနှင့်မလိုက်အောင် ဖွေးနေသောသွားများ ပေါ်လာသည်အထိ ပြုံးပြရင်း လက်ဝဲဘက်ရှိ (Dress Circle) ဟူသော စာတန်းကလေး ချိတ်ထားသည့်တံခါးပေါက်ကို လက်ညှိုးညွှန်ပြလိုက်လေ၏။

Dress Circle မှာ မခင်မေထင်သကဲ့သို့ ဖတ်စစ်ကလပ်(ပထမတန်း)မဟုတ်၊ ယခုခေတ်အလိုအားဖြင့် ပထမတန်းထက် အဆင့်အတန်းပိုမြင့်သော (အထူးတန်း)ဖြစ်၏။ ယင်းသည့်အကြောင်းမှန်ကိုသာ မခင်မေသိက မည်မျှဝမ်းသာရှာလေမည်နည်း။

"ကဲ လာ မခင်မေ ဟိုဟာပဲ ဖတ်စစ်ကလပ်အပေါက်"

ကိုကျင်မောင်က ဤသို့ပြောပြောခေါ်ခေါ် ခေါ်နေသော်လည်း မခင်မေသည် ရုတ်တရက် လှုပ်ရှားခြင်းမပြုသေးဘဲ ကိုကျင်မောင် မေးမြန်းလာသည့် ရုံပေါက်တွင် ရပ်နေသူ လူညိုညိုအား မသိမသာ လှမ်းကြည့်နေလေ၏။

ကိုကျင်မောင့် စုံစမ်းချက်အရ ဖတ်စစ်ကလပ်အပေါက်ကို ညွှန်ပြလိုက်သော ထိုလူညိုညို၏ မျက်လုံးများမှာ မခင်မေတို့အား ကြည့်ရှုအကဲခတ်သလို ဖြစ်နေသောကြောင့် မခင်မေသည် စောစောက မိမိထင်သည့်အတိုင်းပင်–

"ဖတ်စစ်ကလပ်က တစ်ခါမှမကြည့်ဘူးတဲ့ဟာတွေ ထင်ပါရဲ့"

ဤသို့သော အထင်သေးမှုဖြင့် ထိုလူသည် မိမိတို့အားကြည့်ခြင်းသာ ဖြစ်ရမည်ဟုတွေးကာ မခင်မေလည်း အတော်ကလေး ရှက်သွားသည်နှင့် အနီးရှိ (ချိုချဉ်)ဆိုင်ဘက်သို့ လှည့်ပစ်လိုက်လေ၏။ အမှန်အားဖြင့်ဆိုသော် ထိုလူကား မခင်မေတို့အား ကြည့်နေခြင်းလည်းမဟုတ်၊ အထင်သေးနေခြင်းလည်း လုံးလုံးမဟုတ်၊ သူရပ်နေသည်မှာ ရုပ်ရှင်ရုံမျက်နှာစာဘက်သို့ မျက်နှာမူ၍ ရပ်နေသည်သာဖြစ်သည်တွင် ကိုယ့်စိတ်ကိုယ်မလုံ ဖြစ်နေသူ မခင်မေသာလျှင် အကြောင်းမဲ့ ချောက်ခြားနေခြင်း ဖြစ်လေ၏။

"ရှင့်နှယ်ရှင်...မေးမဲ့မေးလည်း တခြားလူမေးရောပေါ့တဲ့"

ချိုချဉ်ဆိုင်မှ ဖိုခနောင့်ဆိုင် ပြူးထုပ်ထားသော ကြံ့ခဲ့သီးထုပ်ဝယ်ရင်း မခင်မေက ကိုကျင်မောင်အား လှမ်းပြောလိုက်သည်တွင်–

"နို့ ဒီလူက တခြားလူမဟုတ်လို့ ဆွေမျိုးလားကွ"

"ဒါကိုပြောတာမဟုတ်ဘူး ကိုကျင်မောင်ရဲ့၊ ခု ရှင်သွားမေးတဲ့လူကို ရှင်မသိဘူးလား"

"ငါဘယ်သိမှာလဲ၊ သတင်းထောက်နဲ့တော့ တူသား

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ခာတ်ပုံရိုက်တဲ့ ကင်မရာလည်း လွယ်ထားတယ်"

"မဟုတ်ဘူးရှင့် ဒါရိုက်တာသုခဆိုတာ သူပေါ့။ ဟို ချစ်မုန်းမာန်ဇာတ်ကားထဲပါတာ ရှင်မမှတ်မိဘူးလား"

"ဟေ... ဟုတ်လား၊ ငါဖြင့် သေသေချာချာတောင် မကြည့်မိပါဘူးကွာ"

ကိုကျင်မောင်သည် စကားကိုဖြတ်၍ ဆတ်ခနဲလှည့် ကြည့်လိုက်၏။ သို့သော် ဒါရိုက်တာသုခကား ထိုနေရာ တွင် မရှိတော့ပေ။

ဤတွင်မှ မခင်မေလည်း ကိုကျင်မောင်ကို လက်တို့ ကာ "လာ ဝင်ကြစို့" ဟုပြောပြောဆိုဆို ရှေ့မှ လျှောက် သွားသောကြောင့် ကိုကျင်မောင်လည်း နောက်မှလိုက်သွား ကာ စောစောက ဒါရိုက်တာသုခ လက်ညှိုးညွှန်ပြသွား သော အခန်းဝရှိ လက်မှတ်သိမ်းသူအား လက်မှတ်ကို ထိုးပေးလျက် ခပ်သွက်သွက်ကလေး လှမ်းဝင်တော့မည်အ ပြုတွင် ရုံပေါက်စောင့်က လက်ကာ၍ တားလိုက်သဖြင့် မခင်မေမှာ ဒိတ်ခနဲ ရင်တုန်သွားပြီး–

"ဟယ် အဲဒါမှ အကျိုးနည်းတာပဲ" ဟူ၍ပင် စိတ်ထဲမှ ရေရွတ်မိလေ၏။

ကိုကျင်မောင်တွင်လည်း အူကြောင်ကြောင်နှင့် ယောင်ချာချာဖြစ်သွားတော့ကာ လက်မှတ်သိမ်းသူအား မျက်နှာငယ်ကလေးဖြင့် မော်ကြည့်မိလေ၏။

"ဒီမှာမိတ်ဆွေ၊ ခုံနံပါတ်ယူဖို့ လိုသေးတယ်။ ဟော ဟိုလက်မှတ်ရုံကလေးမှာ ဒီလက်မှတ်သွားပြပါ၊ ခုံနံပါတ် ရေးပေးလိုက်လိမ့်မယ်"

ရုံပေါက်စောင့်လည်း ပြောပြောဆိုဆို လက်မှတ်ကို လှမ်းပေးနေသောကြောင့် ကိုကျင်မောင်သည် လက်မှတ်ကို ဆွဲယူ၍ သူညွှန်ရာလက်မှတ်ရုံဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလေ၏။

သို့တိုင်အောင် မခင်မေ၏ တုန်နေသော ရင်ညွန့်က လေးကား တဒိတ်ဒိတ်ပင် ခုန်လျက်ရှိသေး၏။

"ဘုရား...ဘုရား ရမှရပါ့မလား"

ဤသို့လည်း ဝမ်းထဲမှကျိတ်၍ ရေရွတ်ရင်း စိုးရိမ်ပူ ပန်လျက် ရှက်သလိုလို ရှိနေရသည့်အထဲတွင် ရုံပေါက် စောင့် သတ္တဝါကလည်း (ဖတ်စစ်ကလပ်က တစ်ခါမှ မကြည့်ဖူးရှာဘူးထင်ပါရဲ့)ဟူသော မျက်နှာမျိုးဖြင့် ပြုံးစ နဲ့နဲ့ ကြည့်နေပြန်သောကြောင့် မခင်မေမှာ ဒေါသဖြစ်ရမလို၊ ဝမ်းနည်းရမယောင်နှင့် အူကြောင်ကြောင်ဖြစ်နေရှာလေ၏။

ချက်ချင်းဆိုသလိုပင် မခင်မေသည် ကိုကျင်မောင် ရှိရာသို့ မျက်လုံးကစားလိုက်၏။ မကြာမီပင် ကိုကျင် မောင်လည်း လက်မှတ်ပေါက်သို့ လက်လျှိုသွင်း၍ ပြန် နုတ်ကာ ကပျာကသီ လှည့်ထွက်လာသည်နှင့်–

"ရလား ကိုကျင်မောင် ဟင်...ဟင်"

သို့လျှင် အလောတကြီး မေးလိုက်သည်ကို ကိုကျင် မောင်သည် သွက်သွက်လက်လက်ပင် ခေါင်းညိတ်ပြပြီး အပေါက်စောင့်အား လက်မှတ်ကို လှမ်းပေးလိုက်လေ၏။

ရုံထဲသို့ရောက်ကြသည်တွင် သူတို့မြင်ရသော ရုပ် ရှင်ကြည့်ပရိသတ်မှာ ပိုးဖဲကတ္တီပါစိန်ရွှေအစရှိသည့် အဖိုး တန်အဝတ်အစားများဖြင့် ခမ်းနားထည်ဝါနေသည်ကို တွေ့ရသောကြောင့် မခင်မေသည် သူ့ကိုယ်သူ မသိမသာ ငုံ့ကြည့်မိ၏။

မခင်မေဝတ်ထားသည်မှာ သာမန်လင်မရစ် ချည် ချောလုံချည်နှင့် ပဒုမ္မာအပေါ်စားမျှသာ ဖြစ်၏။ သမီးက လေး အမာကို ဝတ်ဆင်ပေးထားသည့်အဝတ်အစားမှာ လည်း ညစျေးတန်းမှ အဆင်သင့်ချုပ်ရောင်းသော အညံ့ စားမျှသာ ဖြစ်၏။

"အင်း တော်ပါသေးရဲ့၊ ဆွဲကြိုးနဲ့ လက်ပတ်နာရီ ငှားဝတ်လာပေလို့"

မတတ်နိုင်သည့်အဆုံး၌ မခင်မေသည် ဤသို့လျှင် ဝမ်းထဲမှ ရေရွတ်ရင်း သူ့စိတ်ကိုသူ ဖြေရရှာတော့၏။

မခင်မေသည် ဖတ်စ်ကလပ်လက်မှတ်ရကတည်းက ပင် မျက်နှာချင်းဆိုင်တိုက်ရှိ သူနှင့်အလွန်ခင်သော ရုံးစာ ရေးမကလေးထံ ဆွဲကြိုးနှင့်လက်ပတ်နာရီကို ခေတ္တငှား သည်တွင် စာရေးမကလေးသည် စေတနာတွေပို၍ လက် ပွေ့သားရေအိတ်ကြီးကိုပါ အဆစ်ငှားလိုက်သေးတော့၏။

"မခင်မေ...ပိုက်ဆံအကြွေတစ်မတ်လောက် ပေးစမ်း၊ ငါ ဆေးပေါ့လိပ် သွားဝယ်ချည်ဦးမယ်"

"တိုးတိုးပြောပါကိုကျင်မောင်၊ ဘယ့်နှယ်ဟာလဲ၊ ဖတ်စစ်ကလပ်မှာကြည့်ပြီး ဆေးပေါ့လိပ်သောက်လို့ လူမြင် တော်ပါ့မလားရှင်၊ ရော့ ငွေတစ်ကျပ်ယူသွား၊ စီးကရက် တစ်ဘူးဝယ်၊ ဩဘ် တစ်မူးထပ်ယူဦး၊ မီးခြစ်ပါတစ်လုံး ဝယ်ခဲ့၊ ဖတ်စစ်ကလပ်မှာ သူများဆီ မီးတောင်းညှိလို့ ရှက် စရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျင်မောင် ထွက်သွားသည်နှင့် မခင်မေသည် ဒေါ်ခွေးမဘက်သို့လှည့်၍–

"ဒီမှာ ဒေါ်ခွေးမ ရှင့်မလည်း ဆေးပေါ့လိပ်ကြီး တငေါ့ငေါ့နဲ့၊ ဒါ ဖတ်စစ်ကလပ်ရှင့်၊ လွှင့်ပစ်လိုက်ပါရှင်၊ ကိုကျင်မောင်လာမှပဲ စီးကရက် ယူသောက်ပါတော့"

"အလိုတော် လွှင့်တော့မပစ်နိုင်ဘူး၊ နမြောစရာ၊ ညည်းတို့သိကလက်လည်း ငါသောက်တတ်ပေါင်အေ"

ထိုအခိုက် လူတစ်ယောက်နှင့် ခန့်ခန့်ညားညား ဝတ်ဆင်လာသူ မိန်းမသုံးလေးယောက် ဝင်လာကာ အ ပေါက်စောင့်သည် မခင်မေရှေ့တွင် ရပ်လိုက်သဖြင့် မခင် မေမှာ ထုပူရှိန်းဖိန်းပြီး သူ့ကိုယ်လေးယိုင်မသွားအောင်ပင် အတော်ကလေး ထိန်းထားလိုက်ရလေ၏။

"ဒီမှာခင်ဗျာ လက်မှတ်ဖြတ်ပိုင်းကလေး ပြစမ်းပါ" အပေါက်စောင့်က ဤသို့ပြောလိုက်သည်နှင့် မခင် မေသည် ရုတ်တရက်တွေသွားရာမှ–

"ကျွန်မယောကျ်ားဆီ ပါသွားပါတယ်။ ဟော ဟိုမှာ လာပြီ..."

စီးကရက် ပါးစောင်ဟွင်ခဲ၍ ဝင်လာသူကိုကျင်မောင် လည်း ခပ်လောလောလှမ်းလာကာ အနီးသို့ရောက်၍ အ ကြောင်းစုံသိရသည်နှင့် လက်မှတ်ကို ထုတ်ပြလိုက်၏။

"ခင်ဗျားတို့ ခုံနံပါတ်မှားနေပြီ၊ ဟိုရှေ့မှာ လာ လာ ကျွန်တော် လိုက်ပြမယ်"

ရုပ်ရှင်ရုံအလုပ်သမားနှင့်တူသူ ထိုလူက ရှေ့ဆောင် ခေါ်သွားသဖြင့် ကိုကျင်မောင်တို့တစ်ပြုံလုံး ထလိုက်သွား ရလေ၏။ မခင်မေ၏ တစ်မျက်နှာလုံးကား ရှက်သွေးတွေ ဖုံးနေတော့၏။

ရုပ်ရှင်လည်း စ၍ပြလေပြီ။

ကိုကျင်မောင်နှင့် ဒေါ်ခွေးမတို့ ရုပ်ရှင်တွင် စိတ်ဝင် စားနေကြသလောက် မခင်မေတွင်မူကား ဖတ်စစ်ကလပ် ဆိုသည်မှာ မည်သည့်အခန်းဖြစ်ကြောင်း မသိ၍မေးခဲ့ရ သည်ကိုလည်းကောင်း၊ ရုံပေါက်စောင့်က ခုံနံပါတ်အယူ ခိုင်းသည်ကိုလည်းကောင်း၊ အထဲရောက်၍ ထိုင်မိကြပြီးမှ ခုံနံပါတ်မှားသဖြင့် ထပေးရသည်များကိုလည်းကောင်း တစ်ခုပြီးတစ်ခု တွေးနေမိတော့ကာ ရှက်သလိုလို၊ ဝမ်းနည်း သလိုလိုနှင့် ရင်ထဲတွင် ဖိုနေရာသောကြောင့် ရုပ်ရှင်ကိုပင် ဖြောင့်အောင်မကြည့်နိုင် ဖြစ်နေရလေ၏။

"အားလပ်ချိန်"

ထိုမည်သော ဆလိုက်တစ်ခု ပေါ်လာပြီးနောက် မ ကြာမီပင် တစ်ရုံလုံး လင်းထိန်သွားတော့ကာ အီပဲဆား လှော်၊ ပတာနီ၊ ကွာစိ၊ ချောကလက်၊ သကြားလုံး၊ ဆီး သီး၊ ဆားငံသီး အစရှိသော အသံများသည်လည်း တစ် ရုံလုံး ဆူညံလျက်ရှိလေ၏။

"မခင်မေ မင်းကော ဘာစားမလဲ ရေခဲချောင်း စား မလား"

ကိုကျင်မောင်သည် ကုလားထိုင်လက်တန်းနှစ်ဖက် ကို ထောက်၍ ထတော့မလို ကုန်းကုန်းကွကွလုပ်ရင်း မေး လိုက်သည်နှင့် မခင်မေသည် ဆတ်ခနဲမော့ကြည့်လိုက်၏။

"ရှင် တော်တော်ခက်ပါလား ကိုကျင်မောင်၊ ဒါ ဖတ် စစ်ကလပ်ရှင့်။ ရှင့်ရေခဲချောင်းကြီး ကိုက်စားနေလို့ လူ မြင်တော်ပါ့မလား၊ မဝယ်နဲ့ ဘာမှမဝယ်နဲ့"

ပြောပြောဆိုဆို မခင်မေသည် ကိုကျင်မောင့် လက် မောင်းကို ခပ်ဆောင့်ဆောင့် ဆွဲလိုက်သဖြင့် ကိုကျင်မောင် လည်း ထိုင်ချလိုက်ရလေ၏။

ပတ်ဝန်းကျင်တစ်ဝိုက်ရှိ စိန်ရွှေပစ္စည်းရှင် ကိုကိုမမ တို့သည်ကား ဇွန်းသံတဂေါက်ဂေါက်ဖြင့် ရေခဲမုန့်စားရင်း လျှာဖျားတွင် မြဲ့လျက်ရှိကြလေ၏။ မခင်မေတို့ ရှေ့တန်း ခုံ၌လည်း အမာကလေးနှင့် ရွယ်တူကလေးငယ်တစ် ယောက်အားသူ့မိခင်သည် ရေခဲမုန့်ခွံ့ကျွေးလျက်ရှိလေ၏။

"အမာလည်း ရေခဲမုန့် စားချင်တယ်မေမေ"

မိမိနှင့်ရွယ်တူ ကလေးတစ်ယောက် ရေခဲမုန့်စားနေ သည်ကို ပါးစပ်တပြင်ပြင်နှင့် ငေးနေရာမှ အမာသည် မခင် မေအား ဤသို့လျှင်မျက်နှာငယ်ကလေးဖြင့် ပြောလိုက်၏။

အကယ်၍ အမာကလေးကသာ တိုးတိုးတိတ် တိတ် ပြောခဲ့လျှင် မခင်မေသည် ကျိတ်၍ဟန့်တားလိုက် မည်ဖြစ်သော်လည်း ယခုသော် အမာ၏ကျယ်လောင်လှ သော အသံကြောင့် မိမိတို့ရှေ့တန်းရှိ သူ့ရင်သွေးအား ရေ ခဲမုန့်ကျွေးနေသူ မိန်းမရွယ်သည် သူပန်ထားသော စိန်တစ် လုံးတည်းနားကပ်ကို တဖိတ်ဖိတ်လက်သွားအောင် လှည့် ကြည့်လိုက်သောကြောင့် မခင်မေသည် အားကျမခံလို သည့်စိတ်မျိုး ပေါ်လာ၍လားမသိ၊ မလှမ်းမကမ်းတွင် ရပ် နေသော ရေခဲမုန့်ကုလားကလေးကိုခေါ်၍ အမာကလေး အား တစ်ခွက်ယူပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကျင်မောင်ဟာ ရေခဲချောင်းဆိုရင် အင်မတန်ကြိုက်တယ်၊ အလုပ်က ပြန်လာတဲ့အခါလည်း ရက်ခြားဆိုသလို ရေခဲချောင်းတကိုက်ကိုက်နဲ့ စားလာတတ်တယ်။ အလုပ်နားလို့ အိမ်မှာနေရတဲ့အခါလည်း ရေခဲချောင်းလို့ အသံကြားတာနဲ့ ဝယ်ခိုင်းတာပဲ၊ အင်း ခုလည်း သူစားချင်ရှာမပေါ့။ ငါဟန့်လိုက်လို့သာ ငြိမ်နေရတယ် ထင်ပါရဲ့"

မခင်မေသည် ဤသို့ အတွေးပေါက်လာသည်နှင့်–

"ကဲ ကိုကျင်မောင် ရော့ ရှင်လည်းစားဦး"

ပြောပြောဆိုဆို ဗန်းထဲမှတစ်ခွက်ယူ၍ ကိုကျင်မောင်အား လှမ်းပေးလိုက်လေ၏။

"မင်းကော"

"စားပါလေ ရှင်ပဲစားပါ"

"မင်းမစားရင် ငါလည်း မစားတော့ဘူး"

သူတို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး မည်၍မည်မျှချစ်သည်ကို အထူးဖော်ပြရန်ပင် မလိုတော့ပေ။ သူတို့ချင်း ပြောနေသော စကားများကပင် သက်သေခံလျက် ရှိနေပေပြီ။

သို့နှင့်ပင် အမာကလေး ကိုကျင်မောင်၊ မခင်မေ၊ ဒေါ်ခွေးမ ပေါင်း ရေခဲမုန့်လေးခွက် တက်တက်စင်ပြောင်သွားသည်၌ ငွေလေးကျပ်သည်လည်း မခင်မေအိတ်ထဲမှ လျော့သွားလေတော့၏။

မကြာမီ မီးအားလုံးပိတ်၍ ရုပ်ရှင်အရိပ်သည်လည်း ကားပေါ်တွင် ပေါ်လာပေပြီ။ ကိုကျင်မောင်နှင့် ဒေါ်ခွေးမတို့မှာ တစ်စုံတစ်ရာ မျက်နှာထားမပျက် ကြည့်နေနိုင်ကြသော်လည်း မခင်မေမှာမူ ရုပ်ရှင်ထဲမှ မေသစ်နှင့် သုခတို့၏ဘဝကို မိမိနှင့် မသိမသာ ဟပ်၍ဟပ်၍ နှိုင်းယှဉ်မိလေ၏။ သို့နှိုင်းယှဉ်ကြည့်ရာ၌ မိမိကိုယ်ကို သူတောင်းစားအနေနှင့်မဟုတ်ဘဲ ပစ္စည်းမဲ့အနေဖြင့်သာ နှိုင်းယှဉ်လျက် ရှိသည်မှန်သော်လည်း လက်ရှိမနေရှင်လောကသည်ကားဆိုလျှင် ပစ္စည်းမဲ့ကျောမွဲဟူသမျှအား သူတောင်းစားကဲ့သို့ပင် သဘောထားတတ်ကြောင်း မခင်မေ မရိပ်မိရှာသေး။

မီးအားလုံးပွင့်၍ တံခါးတွေလည်း ဖွင့်လိုက်လေပြီ။

"ကြည့်မြင်တိုင်၊ စမ်းချောင်း၊ တာမွေ၊ ကျောက်မြောင်း၊ ဗဟန်း၊ ဘုရား၊ ကုက္ကိုင်း၊ ကောလိပ်"

အစရှိသော စပယ်ယာများ၏ အော်သံခေါ်သံ ဆိုက်ကားတွန်းသံများကား ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံလျက်ရှိတော့၏။

မခင်မေတို့နေသည့် ရပ်ကွက်မှာ အတော်ကလေးခွကျသော ရပ်ကွက်ဖြစ်၏။ ၈၉ လမ်းမှာ ဘီအေအေဘောလုံးကွင်းအနီး ကာလဘတ်လမ်းတစ်လျှောက်၏ အနောက်ဘက်ဆုံး ထောင့်ခပ်ကျကျ နေရာဖြစ်သောကြောင့် ဗဟန်းကားစီးလည်း အတော်ဝေးဝေးခြေကျင်လျှောက်ရဦးမည်၊ တာမွေကားစီးလျှင်ကား စီး၍လည်းမဖြစ်၊ ထိုလမ်းထိပ်အထိရောက်သောဘတ်စ်ကားဆို၍ နေ့ဘက်တွင်သာ သွားလာလေ့ရှိသော(လဝိုင်းတံဆိပ်)ဘတ်စ်ကားများသာ ဖြစ်လေသည်။

ခါတိုင်းဆိုလျှင် မည်မျှညဥ့်နက်သည်ဖြစ်စေ လမ်းလျှောက်ပြန်သည်သာ ဖြစ်သော်လည်း ယနေ့ညအဖို့သော်ကား သူတစ်ထူးထံမှ ငှားခဲ့သော ဆွဲကြိုးနာရီ စသည်တို့အတွက် တစ်ဖက်ကင်္ခနေရပြန်သေးသည်။

သို့နှင့် မခင်မေတို့မှာ ကြာကြာစဉ်းစားရန် အချိန်မရ၊ ရသည်တိုင်အောင်လည်း အကြောင်းထူးမည်မဟုတ်သဖြင့် ဆိုက်ကားနှစ်စီးငှား၍ ပြန်ခဲ့ကြရလေ၏။

"တို့လင်မယားနှစ်ယောက်တည်းဆိုရင် ဆိုက်ကားတစ်စီးတည်းနဲ့ ကိစ္စပြီးမှာ"

ဒေါ်ခွေးမတစ်ယောက် ပါလာသဖြင့် ဆိုက်ကားတစ်စီး ပိုငှားရသည်ကို မခင်မေသည် မကျေနပ်သလိုဖြင့် စိတ်ထဲမှတွေးရင်း လိုက်ပါလာခဲ့လေ၏။

* * *

နောက်တစ်နေ့နံနက် ၇ နာရီလောက်တွင် ကိုကျင်မောင်နှင့် မခင်မေတို့သည် ပဲပြုတ်နှင့် ထမင်းကြမ်းကိုစားရင်း ညက ကြည့်ခဲ့သော ဂုဏ်ရည်မတူဇာတ်ကားအကြောင်းကို စားမြုံ့ပြန်လျက် ရှိနေကြလေ၏။

စားသောက်ပြီး၍ ကိုကျင်မောင် အလုပ်သို့ထွက်သွားသည့်နောက် တစ်အောင့်လောက်အကြာတွင် မခင်မေသည် ဈေးဝယ်သွားရန် ခြင်းတောင်းကိုကိုင်၍ အခြားလက်တစ်ဖက်တွင်မူ ညက ဆွဲကြိုးငှားစဉ် လောကွတ်ချော်၍ ပေးလိုက်သော လက်ပွေ့သားရေအိတ်ကြီးကိုပိုက်လျက် ထွက်လာကာ အပေါက်စပ်တွင် ထိုင်ချလိုက်၏။

သားရေအိတ်ကိုဖွင့်၍ လက်ကိုင်ပဝါအထုပ်ကလေးကို ဆွဲယူကာ ဘေးတွင်ချထားလိုက်ပြီးမှ လည်ပင်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ထားသော ဆွဲကြိုးနှင့် လက်တွင်ပတ်ထားသော လက်ပတ်နာရီကိုဖြုတ်ပြီး သားရေအိတ်ထဲသို့ထည့်၍ ပိတ်လိုက်လေ၏။

ထိုထိုသော ဆွဲကြိုး၊ လက်ပတ်နာရီ၊ သားရေလက်ပွေ့အိတ်စသည်တို့ကို ဈေးသွားရင်းမှ ပစ္စည်းရှင်ကို ဝင်ပေးမည့်လက္ခဏာဖြင့် သို့ ပြုမူနေဟန်တူ၏။ ထိုကိစ္စပြီးသည်နှင့် မခင်မေသည် သားရေအိတ်ထဲမှ ထုတ်လိုက်သော လက်ကိုင်ပဝါကို (လေးထောင့်မကျတကျ အဆာသွပ် ကုလားပလာတာကဲ့သို့)ခေါက်ထားရာမှ တစ်လွှာချင်းဖြေလိုက်သည်တွင် ရုပ်ရှင်မသွားမီ ယမန်နေ့ညက ငွေ ၂၄ ကျပ်တိတိ ထည့်၍ထုတ်ထားခဲ့သော လက်ကိုင်ပဝါကလေးပေါ်၌ ယခုသော်ကား တစ်ကျပ်တန်လေးရွက်နှင့် အကြွေသုံးမတ်ကိုသာ တွေ့ရတော့လေ၏။

"အင်... ပိုက်ဆံတွေ ဘယ်ရောက်ကုန်ပါလိမ့်"

မခင်မေသည် စိတ်ထဲမှ တထိတ်တလန့် ရေရွတ်ရင်း ငိုင်သွား၏။ တွေသွား၏။ ထွေနေသောစိတ်ကို ရှင်း၍ စာရင်းအကြမ်းကို မိန်းမတွက် တွက်လိုက်၏။

"ကိုကျင်မောင်ဖို့ လေယာဉ်ပျံဖိနပ်က လေးကျပ်တစ်မတ်၊ ငါ့ဖိနပ်က သုံးကျပ်ခွဲဆိုတော့ ရှစ်ကျပ်မတ်တင်း..."

ဤသို့လျှင် အစဉ်အတိုင်း တွက်ခဲ့ရာမှ ဆိုက်ကားခပေးသည်အထိ ကုန်ငွေမှာ (၁၈–၁၀) စာရင်းပေါက်ခဲ့၏။ ယနေ့နံနက် ပဲပြုတ် ၂ ပဲ၊ ကိုကျင်မောင်အား ပေးလိုက်သည်မှာ ၈ ပဲဖြစ်သောကြောင့် စုစုပေါင်း ၁၉ ကျပ် ၄ ပဲကုန်ခဲ့ပြီဖြစ်၏။ မခင်မေ သုံးလေးကြိမ်ထပ်၍ တွက်သေး၏။ စာရင်းကား ထိုအတိုင်းပင် အမှန်ကိုပြနေ၏။

မခင်မေသည် လက်ကိုင်ပဝါပေါ်တွင် ဖရိုဖရဲပြန့်ကျဲနေသော တစ်ကျပ်တန်စက္ကူလေးရွက်နှင့် မူးစေ့ပဲစေ့များကို ကြည့်ကာ အတန်ကြာတွေနေပြီးမှ ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်၏။

"တို့ဟာတို့ တစ်ကျပ်တန်းကပဲကြည့်ရင် အလွန်ဆုံး လေးကျပ်ထက် ပိုမကုန်ဘူး၊ ခုတော့ ဖတ်စစ်ကလပ် နှိပ်စက်လို့ ဆယ့်ရှစ်ကျပ်ခြောက်မူး ကုန်ပြီ၊ ကုန်ပြီ"

ထို့နောက်တစ်ဖန် စိတ်ပျက်သံဖြင့်–

"တော်ပြီ တော်ပြီ နောက်များတော့ ဖတ်စစ်ကလပ်ဆိုရင် ကန်တော့ပါရဲ့၊ အော့ပါရဲ့"

မခင်မေသည် သို့ ရေရွတ်ရင်းကပင် ပိုက်ဆံများကို ဖိုးဖိုးဖောင့်ဖောင့် ကောက်၍ထုပ်နေ၏။

'ဖတ်စစ်ကလပ်'သည်ပင် သူတို့အား နှိပ်စက်သလော။

ပတ်ဝန်းကျင်လူထု၏ အထင်ကြီးမှုကို ခံလိုသော (စိတ်)ကပင် သူတို့အား နှိပ်စက်သလော။

BURMESE CLASSIC .com

❖

အတွဲ–၃၊ အမှတ်–၃၄၊ ၁၉၅၀၊ မတ်၊
ရှုမဝမဂ္ဂဇင်း

www.burmeseclassic.com